# မြန်မာသံရုံး၊ ရီယာဒ်မြို့သို့ ကောင်စစ်ကိစ္စရပ်များလျှောက်ထားရာ၌ သိရှိရန်အချက်များ

## မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကတ်ပြား (Certificate of Indentity – C of I) လျှောက်ထားခြင်း

ပြည်ပတွင် အလုပ်လုပ်ကိုင်နေထိုင်စဉ်အတွင်း နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ ကတ်ပြား (Certificate of Identity– C of I) လျှောက်ထားနိုင်ပါသည်။

(၁) ကိုယ်ရေးလျှောက်လွှာ(ကျိုးကြောင်းဖော်ပြရန်)

(၂) လျှောက်ထားသူ၏ ကိုယ်ရေး အချက်အလက်

(ဓါတ်ပုံ ၂ ပုံ၊ 35 mm x 45 mm, 600 Resolutions ၊ ၆ လ အတွင်း ရိုက်ကူးထားပြီး၊ မျက်နှာသည် ဓါတ်ပုံ၏ ၈၀% ရှိ၍ နောက်ခံ အဖြူရောင် ဖြစ်ရပါမည် )

(၃) နိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ပျက်စီး မိတ္တူ

(၄) ရောက်ရှိနိုင်ငံသို့ ဝင်ရောက်လာသည့် ဗီဇာအမျိုးအစား၊ ဗီဇာစာမျက်နှာ

(၅) မြန်မာနိုင်ငံသား စီစစ်ရေးကတ်မိတ္တူ

(၆) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(၇) ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာနှင့် ကုမ္ပဏီထောက်ခံစာ

(၈) ကျသင့်ငွေ ဆော်ဒီရီရယ် ၁၉၀

မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ ကတ်ပြား (Certificate of Identity– C of I) လျှောက်ထားရာတွင် ပျောက်ဆုံးနိုင်ငံကူးလက်မှတ်သည် သက်တမ်းကုန်လွန်ထားခြင်း မရှိခြင်းနှင့် နေထိုင်ခွင့်ဗီဇာမှာလည်း သက်တမ်းကုန်လွန်ထားခြင်း မရှိပါက C of I အား သံရုံးမှ ထုတ်ပေးနိုင်ပါသည်။ သတ်မှတ်ချက်များ မပြည့်စုံပါက ခွင့်ပြုချက်အား မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည် ဖြစ်ပါသဖြင့် လအနည်းငယ် အချိန်ယူရမည် ဖြစ်ပါသည်။

C of I ဖြင့် ရောက်ရှိနိုင်ငံမှ ထွက်ခွာခြင်းသည် နောင်တချိန်ပြန်လည်ဝင်ရောက်ရာ၌ အခက်အခဲများ ဖြစ်နိုင်ပြီး အချို့နိုင်ငံများတွင် (၅)နှစ်အထိ ဝင်ရောက်ခွင့် တားမြစ်ထားခြင်းများ ရှိပါသဖြင့် ရောက်ရှိနိုင်ငံ၏ မူဝါဒနှင့် အဆိုပါ ထိခိုက်မှုမျိုး မဖြစ်စေရန် လိုအပ်သော စာရွက်စာတမ်းများအား ကြိုတင်ပြင်ဆင်ဖြည့်ဆည်းထားရန် သတိပေးအပ်ပါသည်။